# ဗမ္ဗခန္ဓာ (၉၀) နေပြည်တော် (အလ်–ဘလာ့ဒ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၃၅)၊ သုတ်ဒေသနာ အပါး (၂၀)၊

ဦးဒွေးလွှင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **لَا أُقْسِمُ بِهَذَا الْبَلَدِ** ۞<br>အမှန်မှာ ဤနေပြည်တော်အား ကျိန်ဆိုသက်သေထူ၍–[၁၁၅၉] |
| ၂။ | **وَأَنتَ حِلٌّ بِهَذَا الْبَلَدِ** ۞<br>သင့်အား တရားဝင်ဖြစ်စေမည့် ဤ နေပြည်တော်အားဖြင့်– |
| ၃။ | **وَوَالِدٍ وَمَا وَلَدَ** ۞<br>မွေးသမိဘနှင့် သားသမီးတို့အားဖြင့်– |
| ၄။ | **لَقَدْ خَلَقْنَا الْإِنسَانَ فِي كَبَدٍ** ۞<br>မုချပင် ငါသည် လူသားကို ပြင်းပြင်းထန်ထန်ကြိုးစားရသော ဘဝဖြင့် ဖြစ်တည်စေ၏။ |
| ၅။ | **أَيَحْسَبُ أَن لَّن يَقْدِرَ عَلَيْهِ أَحَدٌ** ۞<br>သူသည် သူ့အား တစ်စုံတစ်ယောက်မျှ စည်းမကြပ်နိုင်ဟု ထင်မှတ်နေသလော။[၁၁၆၀] |
| ၆။ | **يَقُولُ أَهْلَكْتُ مَالًا لُّبَدًا** ۞<br>သူက “ကျွန်ုပ်သည် ဥစ္စာပစ္စည်း ဖြုန်းတီးနိုင်သည်၊”ဟု ပြောဆိုလတ္တံ့။ |
| ၇။ | **أَيَحْسَبُ أَن لَّمْ يَرَهُ أَحَدٌ** ۞<br>သူသည် သူ့အား တစ်စုံတစ်ယောက်မျှ မမြင်ဟု ထင်မှတ်နေသလော။ |
| ၈။ | **أَلَمْ نَجْعَل لَّهُ عَيْنَيْنِ** ۞<br>ငါသည် သူ့အား မျက်လုံးများ စီရင်ပေးခဲ့သည် မဟုတ်လော။ |
| ၉။ | **وَلِسَانًا وَشَفَتَيْنِ** ۞<br>နှုတ်လျှာနှင့် နှစ်ခမ်းနှစ်ခုလည်း ပါစေ၏။ |

**(၁၁၅၉)** ဤသုတ်မှ ပြောသော နေပြည်တော် ဆိုသည်မှာ– ကိုယ်တော်ခေတ်ကာလက မက္ကာဟ်မြို့ကို ဆိုလိုပေသည်။ ကိုယ်တော့အတွက် ထိုနေပြည်တော်သည် တရားဝင် ဖြစ်စေရမည်ဟု ကြိုတင် ကတိပေးခဲ့ခြင်း ဖြစ်ပေသည်။ အလ္လာဟ်အရှင်၏ ကတိတော်သည် မည်သည့်အခါတွင်မှ မမှားကြောင်းကို ကိုယ်တော်ကိုယ်တိုင် မျက်ဝါးထင်ထင် မြင်တွေ့သွားခွင့် ရခဲ့ပေသည်။

**(၁၁၆၀)** ဤသုတ်တော်က ကိုယ်တော့အား နေပြည်တော်မှ မောင်းထုတ်လိုက်သော အာဏာရှင်ကို ဆိုလိုခြင်း ဖြစ်ပေသည်။ မည်သူသည် အနိုင်ကျင့်သည် ဖြစ်စေ– မေတ္တာတရားဖြင့်၊ ခွင့်လွှတ်ခြင်းဖြင့် မနေမနား ကြိုးစားသော သူအား အချိန်တန်လျှင် နေရာဖယ်ပေးရသည်ပင်– ထိုအချက်ကို သုတ်တော် (၄)ပါ– ကိုယ်တော်အား မနေမနား ကြိုးစားရန် တိုက်တွန်းထားသော အချက်က ထောက်ပြထားပေသည်။

| | |
|---|---|
| ၁၀။ | وَهَدَيْنَاهُ النَّجْدَيْنِ۝<br>ငါသည် သူ့အား လျှောက်လမ်းနှစ်သွယ် ညွှန်ပေးထားသည် မဟုတ်လော။ |
| ၁၁။ | فَلَا اقْتَحَمَ الْعَقَبَةَ۝<br>အမှန်မှာ သူသည် ကျော်ဖြတ်လမ်းကို စိတ်မဝင်စားချေ။[၁၁၆၁] |
| ၁၂။ | وَمَا أَدْرَاكَ مَا الْعَقَبَةُ۝<br>ကျော်ဖြတ်လမ်းဟူသည် သင့်အား မည်သည်က တွေးသိစေအံ့နည်း။ |
| ၁၃။<br>ဖိနှိပ်ခံများ | فَكُّ رَقَبَةٍ۝<br>**ကျေးကျွန်**များကို လွှတ်ပေးခြင်း ဖြစ်၏။ |
| ၁၄။ | أَوْ إِطْعَامٌ فِي يَوْمٍ ذِي مَسْغَبَةٍ۝<br>သို့မဟုတ် ငတ်ပြတ်ဒုက္ခ နေ့ကာလတွင်း၌ ကျွေးမွေးရမည်မှာ– |
| ၁၅။ | يَتِيمًا ذَا مَقْرَبَةٍ۝<br>မိဘမဲ့နှင့် နီးစပ်သူများ– |
| ၁၆။ | أَوْ مِسْكِينًا ذَا مَتْرَبَةٍ۝<br>ဖုတ် ရွှံ့တက်နေသော သူဆင်းရဲများကို ဖြစ်၍–[၁၁၆၂] |
| ၁၇။ | ثُمَّ كَانَ مِنَ الَّذِينَ آمَنُوا وَتَوَاصَوْا بِالصَّبْرِ وَتَوَاصَوْا بِالْمَرْحَمَةِ۝<br>တဖန် ယုံကြည်သူများမှ ဖြစ်သူအား သီးခံပါရမီကြီးရန် ဖျောင့်ဖျခြင်း၊ ကြင်နာသနားတတ်ရန် ဖျောင့်ဖျခြင်းတို့ ဖြစ်၏။ |
| ၁၈။ | أُولَئِكَ أَصْحَابُ الْمَيْمَنَةِ۝<br>သူတို့သည် လက်ျာ ဘက်တော်သားများ ဖြစ်ကြ၏။ |
| ၁၉။ | وَالَّذِينَ كَفَرُوا بِآيَاتِنَا هُمْ أَصْحَابُ الْمَشْأَمَةِ۝<br>ငါ၏ သုတ်ဒေသနာတို့အား ဖုံးကွယ်သော သူ၊ သူတို့သည် လက်ဝဲ ဘက်တော်သားများ ဖြစ်ကြ၏။ |
| ၂၀။ | عَلَيْهِمْ نَارٌ مُؤْصَدَةٌ۝<br>သူတို့အပေါ်၌ အပူမီးသည် ကျော်ဟပ်လျှက် ရှိ၏။ |

(၁၁၆၁) ကျော်ဖြတ်လမ်း ဆိုသည်မှာ အရှောင်ရရန် ကြံစည်သော ဖြတ်လမ်း မဟုတ်ချေ။ အာရဗီစကားလုံး **အကာဘဟ်** ဆိုသည်မှာ တောင်တစ်ခု၊ အခက်အခဲကြီး တစ်ခုအား ကျော်ဖြတ်ရသော လမ်းကြောင်းကို ခေါ်ဆိုပေသည်။ လူသားသည် အခက်အခဲအား ကျော်ဖြတ်ရမည့် လမ်းစဉ်ကို စိတ်ဝင်စားခြင်း မရှိကြောင်း၊ အလွယ်လမ်းကိုသာ လိုက်လေ့ရှိကြောင်းကို ဖေါ်ပြ၍– အခက်အခဲအား ကျော်ဖြတ်နိုင်သူသည်သာ အောင်မြင်မှုကို ခံစားရမည်ဟု သွန်သင်ထားခြင်း ဖြစ်ပေသည်။

(၁၁၆၂) ဤသုတ်တော်များတွင် အခက်အခဲလမ်း ဆိုသည်မှာ– ကျေးကျွန်များကို လွှတ်ပေးခြင်း၊ မိဘမျိုးများ၊ ဖုတ်ရွှံ့တက်နေသော– ဆင်းရဲသားလယ်သမား၊ ယာသမား၊ အလုပ်ကြမ်းသမားများကို ကျွေးမွေးစောင့်ရှောက် ကူညီခြင်း ဖြစ်ကြောင်းကို သွန်သင်ထားပေသည်။ ထိုသူများ အနေဖြင့် အချင်းချင်းကိုလည်း သီးခံခြင်း စိတ်ရှိရန်– နားလည်စာနာတတ်ရန် တတ်အားသရွေ့ပြောပြ နားချရမည် ဖြစ်သည်။ ထိုသို့ မပြုကျင့်သော သူများမှာ ကာဖယ်ရ် (ဖုံးကွယ်သူများ) ဖြစ်သည်ဟု သုတ်တော်– ၁၉ တွင် ဆိုထားပေသည်။